မုတ္တံ–စားသောက်သမျှ အာဟာရမှ ရသည့်မသေ့ အရေတချို့
ဆီးအိမ်သို့လျှင် စိမ့်၍ဝင်သော ကျင်ငယ်အစုသည်။
အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး လားလားမဟုတ်
စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါသည်တကား။

---

အစေးနှင့်တူသော အဆင်းရှိ၏၊ ထို အစေးနည်းပါးနေသူမှာ ထလိုက် ထိုင်လိုက်သောအခါ သွားလာသောအခါ ကွေးလိုက် ဆန့်လိုက်သောအခါတို့၌ အရိုးအဆက်တို့သည်(လက်ချောင်းကို ချိုးသောအခါ မြည်သော အသံမျိုးကဲ့သို့) အသံမြည်၏၊ ထိုအစေးနည်းသူသည် ဝါယောဓာတ်ပျက်လွယ်သောကြောင့် ခရီးများများ သွားရလျှင် ပင်ပန်း၏၊ ထို အစေး များသူမှာကား ထလိုက် ထိုင်လိုက်သောအခါ စသည့်၌ အသံလည်း မမြည်၊ ဝါယောဓာတ် မပျက်လွယ်သောကြောင့် ခရီးရှည် သွားသော်လည်း မပင်ပန်း။

**ကျင်ငယ်။** ။စည်ပေါင်း(ဆီးအိမ်)၏ အတွင်း၌ တည်သော အာပေါဓာတ်ကို "ကျင်ငယ်" ဟု ခေါ်သည်၊ [မစင်ကို "ကျင်ကြီး" ဟု ခေါ်သောကြောင့် ဤ အရည်ကို "ကျင်ငယ်"ဟု ခေါ်သည်၊] ဆီးအိမ်မှာ ဝင်စရာအပေါက်မရှိ၊ ခွက်ဆေးရည်စသည်ကို သွန်ထား၍ ဗွက်ဖြစ်နေသော တံစည်းအိုင်၌ အပေါက်မရှိသော အိုးငယ်တလုံးကို ချထားသောအခါ ထိုအိုးငယ်အတွင်းသို့ တံစည်းဗွက်ရေသည် စိမ့်ဝင်သကဲ့သို့ ထို့အတူ ခန္ဓာကိုယ်၌ရှိသော (စားသောက်သမျှ အစာမှ) အရည်တချို့သည် ထို ဆီးအိမ်တွင်းသို့ စိမ့်၍ ဝင်ရ၏၊ ထို ဆီးအိမ်၌ ဆီးပြည့်လာသောအခါ ကျင်ငယ်စွန့်ချင်စိတ် ဖြစ်